သို့ မိဘများ၊
အောက်ပါအကြောင်းအရာများသည် စခန်းသို့သွားသောအခါ မည်သည့်ပစ္စည်းများယူဆောင်ခွင့်ရှိပြီး၊ မည်သို့အထုပ်အပိုးပြင်ဆင်ရမည်ဆိုသည့်အကြောင်းအရာလေးဖော်ပြပေးထားခြင်းဖြစ်ပါသည်။

**အရေးကြီးသော - သင့်ကလေး၏ပစ္စည်းတိုင်းတွင် သူ/သူမ ၏ အမည်အပြည့်အစုံ ဖြင့်ရေးသားဖော်ပြထားပေးပါ။**

**နေ့စဉ်ဝတ်ဆင်ရမည့် ပုံမှန်အဝတ်အစား-** များသောအားဖြင့်လှုပ်ရှားမှုများကိုပြင်ပတွင်ပြုလုပ်မှာဖြစ်ပါသည်။ ထူးခြားသော(fancy)အဝတ်အစားနှင့် အသစ်ချွတ်ချွတ်အဝတ်အစားများမထည့်ပေးပါနှင့်။ လွတ်လပ်ပေါ့ပါးပြီးအညစ်စွန်းခံသောအဝတ်အစားများဖြစ်ပါက၊အသင့်တော်ဆုံးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တောင်တက်ခြင်းနှင့်သစ်တော၌လမ်းလျှောက်ခြင်းများပြုလုပ်ကြမှာဖြစ်ပါသည်။ကိုယ့်ခြေထောက်နှင့်သင့်တော်သော(fitting)ရှူးဖိနပ်ဝတ်ဆင်ရပါမည်။
**ညှပ်ဖိနပ်(sandals) နှင့် တိုသောအဝတ်အစား(shorts)စသည့်တို့ အသုံးပြုရန်ခွင့်မပြုပါ။**

**အိပ်ဆောင်ပစ္စည်းအမျိုးအစားများ-** စခန်းရှိတာဝန်ရှိသူများမှ ကလေးများအတွက် သက်သောင့်သက်သာရှိသည့်အပူပေးထားသောအိပ်ဆောင်များစီစဉ်ပေးမှာဖြစ်ပါသည်။ အိပ်ရာနှင့်ပတ်သက်သောပစ္စည်းများဖြစ်သည့်(အိပ်ရာခင်း၊ ခေါင်းအုံး၊ အိပ်ရာ- အိတ်(sleeping bag) စသည့်ပစ္စည်းများယူဆောင်လာရပါမည်။ ၎င်းအပြင် တစ်ကိုယ်ရေသန့်စင်မှုပစ္စည်းများဖြစ်သော(မျက်နှာသုတ်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ) စသည့်တို့ကိုလည်းယူဆောင်လာရမှာဖြစ်ပါသည်။ပုံမှန်ရေချိုးခြင်းဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကိုရရှိစေပါသည်။

**တိုလီမိုလီပစ္စည်းအမျိုးအစားများ-** အတွေ့အကြုံအသစ်နှင့်သင်ကြားခြင်း၏အထောက်အကူပစ္စည်းများဖြစ်သည့် ပုံဆွဲစာအုပ်၊စာရွက်၊ နှင့် စာအိတ်၊ ကင်မရာ နှင့် ဖလင် စသည့်တို့ ယူဆောင်လာနိုင်ပါသည်။ အားလပ်ချိန်ခဏတာအတွက်စာဖတ်နိုင်ရန် စာအုပ်ကိုလည်းယူဆောင်ခွင့်ရှိပါသည်။

**ငွေကြေးအသုံးပြုနိုင်ရန်**- စခန်းတွင်ကျောင်းသူ/သားများဈေးဝယ်နိုင်ရန်ဈေးဆိုင်လေးတစ်ခုဖွင့်ထားပေးပါသည်။ရရှိနိုင်သောပစ္စည်းများမှာ- တဆိပ်ခေါင်း၊ ပို့စကတ်၊ ဘီး၊ သွားတိုက်တံ နှင့် အမှတ်တရလက်ဆောင်ပစ္စည်းအဖြစ် တီရှပ်၊ ဝက်ဝံရုပ်၊ သော့ချိတ်၊စသည့်ပစ္စည်းများရရှိနိုင်ပါသည်။ တန်ဖိုးငွေမှာ $၂ မှ $၁၀ အကြားတန်ဖိုးရှိသောပစ္စည်းများဖြစ်သည်။ သို့ရာတွင်ဤငွေများကိုယူဆောင်လာရမည်ဟု တောင်းဆိုချက်မရှိပါ။ယူလာပြီးသင့်ကလေးအသုံးမပြုသောငွေများကိုသူ/သူမအိမ်ပြန်လာသောအခါပြန်ထည့်ပေးမှာဖြစ်ပါသည်။

**မယူလာရမည့်ပစ္စည်းများ-** အိပ်တွင်ပစ္စည်းများထည့်ရန်ပြင်ဆင်သောအခါ၊ မထည့်ရလာရဟုသတ်မှတ်ထားသောပစ္စည်းအမျိုးအစားများထည့်သွင်းခြင်းမပြုပါနှင့်။ ကလေးများအတွက်အရည်ချင်းရှိသောအတွေ့အကြုံများထိန်းသိမ်းထားနိုင်ရန်၊ ကူညီပေးသောကြောင့်အထူးကျေးဇူးတင်ရှိပါသည်။

**အထုပ်အပိုး-** အဝတ်အစားများထည့်ရန်၊ တစ်ကိုယ်ရေသန့်စင်မှုပစ္စည်းများထည့်ရန်၊ နှင့် ညအိပ်ပစ္စည်းများထည့်ရန်စသည့်တို့အတွက်အသုံးပြုရန်၊ အထုပ်အပိုးထည့်ရန်အိတ်များကိုကန့်သတ်ထားပေးပါသည်။(ဥပမာ- ခရီးဆောင်လက်စွဲသေတ္တာ၊ duffle bag၊ gym bag၊ကြံ့ခိုင်သောအမိုက်အိတ်များ၊) စသည့်တို့ကိုဆိုလိုပါသည်။

**မိုးကာအကျီ-** မိုးကာအကျီသည် Clear Lake Camp တွင်ရှိနေစဉ်အတွင်းမရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ များသောအားဖြင့်လှုပ်ရှားမှုများသည် ပြင်ပတွင်ပြုလုပ်ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်သင့်ကလေးအတွက် မိုးကာအကျီ၊ ဦးထုပ်၊ နှင့် ဖိနပ် စသည့်တို့ပြင်ဆင်ထားပေးနိုင်ပါသည်။

**အနွေးအကျီ-** ဤအချိန်အတောအတွင်းရာသီဥတုပြောင်းလဲမှုများရှိနေသောကြောင့်၊သင့်ကလေးအတွက်အဆင်သင့်ရှိနေစေရန်အနွေးထည်အကျီကိုထည့်ပေးစေလိုပါသည်။ ရာသီဥတုအေးခြင်းကြောင့်ပြင်ပလှုပ်ရှားမှုများရပ်စဲခြင်းရှိမှာမဟုတ်ပါ။ ထို့ကြောင့် အနွေးအကျီ၊ အကျီလက်ရှည်၊ ချည်ဖြင့်ပြုလုပ်သောဦးထုပ်၊ စသည့်အဝတ်အစားများပြင်ဆင်ပေးနိုင်ပါသည်။ ရာသီဥတုအခြေအနေကိုကြည့်ပြီး၊သင့်ကလေး၏အထုပ်အပိုးများပြင်ဆင်ပေးပါရန်အားပေးလိုပါသည်။

**ပြင်ပပညာရေးစင်တာ**

BATTLE CREEK PUBLIC SCHOOLS
10160 S. M-37 HIGHWAY
DOWLING, MI 49050




## စခန်းသို့သွားရာတွင်အထုပ်အပိုးပြင်ဆင် သောအခါစစ်ဆေးရမည့်စာရင်းများ။ သို့ စခန်းတွင်နေထိုင်မည့်သူ

Clear lake Camp သို့သွားရာတွင်ပစ္စည်းများထုပ်ပိုးသောအခါ အောက်တွင်ဖော်ပြထားသောပစ္စည်းစာရင်းများကိုစစ်ဆေးပြီးထုပ်ပိုး ပါက သင့်အတွက် များစွာအထောက်အကူပေးမှာဖြစ်ပါသည်။ဤစာရင်းအားစခန်းသို့ယူလာပြီး၊ စခန်းသို့ရောက်သောအခါ၌ လည်းပစ္စည်းများပြည့်စုံမှုရှိမရှိပြန်လည်စစ်ဆေးနိုင်ပါသည်။

**အခြေခံအဝတ်အစားများ**

_____ အပေါ်အင်္ကျီသို့မဟုတ် ချွေးထိန်းအင်္ကျီလက်ရှည်
_____ ဂျင်း သို့မဟုတ် sweats
_____ ရှူးဖိနပ် (ကြိုးပါသော)
_____ အောက်ခံဘောင်းဘီ
_____ ခြေစွပ် (ခြေမျက်စိကျော်သော)
_____ တီရှပ် (လက်ပြတ်)
_____ အင်္ကျီလက်ရှည်

**ညအိပ်အသုံးအဆောင်ပစ္စည်းများ**

_____ ဖျာ နှင့် စောင် သို့မဟုတ်
_____ ညအိပ်အိတ် (sleeping bag)
_____ ခေါင်းအုံး နှင့် ခေါင်းအုံးစွပ်
_____ စောင်အပို (extra blanket)
_____ ညဝတ်အင်္ကျီ
_____ တရှိုအွန်အရုပ် (ချွင်းချက်)
_____ ညှပ်ဖိနပ် သို့မဟုတ် အိမ်တွင်းစီးဖိနပ်

**တစ်ကိုယ်ရေသန့်စင်မှုပစ္စည်းများ**

_____ ကိုယ်သုတ်ပါဝါ နှင့် မျက်နှာသုတ်ပါဝါ
_____ ဆပ်ပြာ နှင့် ခေါင်းလျှော်ရည်
_____ ခေါင်းဘီး
_____ သွားတိုက်ဆေး၊သွားတိုက်တံ
_____ Chapstick
_____ စက္ကူပါးလက်သုတ်ပါဝါ
_____ အင်းစက်ပိုးများနှိမ်နင်းသောလိမ်းဆေး

**ရာသီဥတုနှင့်လိုက်လျော်ညီထွေသောအဝတ်စားများ**

_____ မိုးကာအင်္ကျီ/ခေါင်းစွပ်ခြုံထည်
_____ ရေစိုခံဖိနပ်
_____ ဦးထုပ် (နေကာရန်)

**ဆောင်းရာသီအတွက်အဝတ်အစားများ (Seasonal Winter)**

_____ ဆောင်းကုတ်အင်္ကျီ (winter coat)
_____ ဆောင်းရာသီစီးဘူးဖိနပ်(winter boots)
_____ ဆောင်းရာသီအတွက်ဦးထုပ် (winter hat)
_____ လက်အိတ်
_____ အနွေးထည်
_____ ချည်သားဖြင့်ပြုလုပ်ထားသောခြေစွပ်
_____ အောက်ခံဘောင်းဘီအရှည် (long underwear)
_____ Ski pants

**စိတ်ကြိုက် (Opional)**

_____ ကြိုး
_____ စာဖတ်ကိရိယာ
_____ ငြိမ်သက်စွာအသုံးပြုနိုင်သောဂိမ်း/ကတ်
_____ တစ်ခါသုံးကင်မရာ
_____ စာရေးကိရိယာ
_____ ဈေးဝယ်ရန်ငွေများကိုစာအိတ်အတွင်းသို့ထည့်ရန်
_____ ဆံပင်မှုတ်စက်
_____ ရေဘူး

**ဤပစ္စည်းများ မယူလာပါနှင့်**

ဘောင်းဘီတို နှင့် ကြိုးသိုင်းဖိနပ်များအားပြင်ပလုပ်ရှားမှုများအတွက်ဝတ်ဆင်ရန်ခွင့်မပြုပါ။ လျှပ်တစ်ပြက်မီး၊ချိုချဉ်၊ဆိုဒါ၊ gum၊ အစားအစာ၊ ဓား သို့မဟုတ် အခြားကိရိယာများ- ရေဒီယို၊ လက်ကိုင်ဖုန်း- MP3- မီးခြစ်၊ နာရီ၊ ရွှေထည်ပစ္စည်းများ၊ အီလက်ထရွန်းနစ်ဂိမ်း၊ ဆံပင်ကောက်စက်၊ လေသန့်ဆေးရည်(aerosol can) နှင့်အခြားမဖိုးတန်ပစ္စည်းများ။

**ပစ္စည်းအားလုံး၏အဖုံး၊ အပေါ်စသည့်တို့တွင် နာမည် ရေးသားထားပါ။**